


စာပေ၊ နိုင်ငံရေး၊ စီးပွားရေး နှင့် လူထုကျန်းမာရေး စွမ်းဆောင်ရှင်

# ဂျာနယ်ကျော်မမလေး


အတ်ညွှန်း

ဒေါ်ကြည်ကြည်ငြိမ်း

MOVING FORWARD TOGETHER

ကာတွန်း

ဝလုံး ရေးဆွဲသည်

စာပေ၊ နိုင်ငံရေး၊ စီးပွားရေး နှင့် လူထုကျန်းမာရေး စွမ်းဆောင်ရှင်

# ဂျာနယ်ကျော်မမလေး

# ပုံနှိပ်မှတ်တမ်း


## ထုတ်ဝေသူ

ဒေါ်ကြည်ကြည်ငြိမ်း
MFT Publication
ပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၀၁၄၄၉)
အမှတ် (၆၆)၊ မြေညီထပ်၊ ရတနာလမ်း၊
(၃) ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၀၃ ၇၀၅၊ ၀၉ ၇၃၂၁၉၃၁၈
မတ်လ၊ ၂၀၁၇

## ပုံနှိပ်သူ

ဖိုးပြည့်ပုံနှိပ်တိုက် (၀၀၆၃၉)
အမှတ် (၄၁)၊ ၆ လမ်း၊ မင်္ဂလာဒုံစက်မှုဇုံ၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

## ပုံနှိပ်ထုတ်ဝေမှုတာဝန်ခံ

ဖြိုးဝေထွန်း
Partner
Media & Printing Service
Ph: 09 797912644

## ဖြန့်ချိမည့် အုပ်ရေ

၄၀၀၀

# ကျေးဇူးတင်လွှာ

မြန်မာပြည်အတွက် လိုအပ်နေသော "ပညာပေးပုံရေး အတ္တုပ္ပတ္တိ" စာအုပ်အား The Nippon Foundation ၏ ငွေကြေးပံ့ပိုးမှုဖြင့် ဇာတ်ညွှန်းရေးသား၊ ပုံနှိပ်ထုတ်ဝေခွင့်ရရှိသည့်အတွက် Movinging Forward Together အနေဖြင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် အတိုင်းမသိ ကျေးဇူးတင်ပါသည်။

ဂျာနယ်ကျော်မမလေးသည် နိုင်ငံအကျိုး၊ လူသားများအကျိုးကျရာနေရာတွင် မိမိအသိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သူများအနက် လေးစားဂုဏ်ပြုထိုက်သူတစ်ဦးဖြစ်သည်။ ထိုမျိုးချစ်အမျိုးသမီးကြီး၏ ဘဝအားတတ်စွမ်းသရွေ့ စုစည်းပုံဖော်ပြဖြစ်ပါသည်။ ထိုပုံဖော်ထားသော ဤစာအုပ်မူကြမ်းအား လက်ခံဖတ်ရှုပေးပါသောဂျာနယ်ကျော်မမလေး၏ မြေး ဦးသိမ်းစိုးအား များစွာကျေးဇူးတင်ရှိပါသည်။ သူမ၏ဘဝရုပ်သွင်အား ရုပ်လုံးကြွအသက်ဝင်လာစေရန် ပုံဖော်ပေးပါသော ကာတွန်းဝလုံးနှင့် စာမျက်နှာဖွဲ့စည်းမှုအတွက် ကူညီပေးပါသော ကိုသက်ပိုင်ဌေးတို့အား လည်းကောင်း၊ စာအုပ်ပြန်လည်ထုတ်ဝေနိုင်ရန်အတွက် ပုံနှိပ်မှုအပိုင်း တာဝန်ယူဆောင်ရွက် ပေးသော ကိုဖြိုးဝေထွန်း (Partner Media & Printing) အား ကျေးဇူး အထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

လေးစားဂုဏ်ပြုထိုက်သူ ပုဂ္ဂိုလ်များစွာတို့အကြောင်း တိုင်းပြည်၏ အနာဂတ်ရတနာများသိရှိစေရန် ဤစီမံကိန်းမှလည်း ဆက်လက်ထုတ်ဝေနိုင်ရန် ကြိုးစားဆောင်ရွက်သွားပါမည်။

# ဂျာနယ်ကျော် မမလေး ၏ ဘဝလမ်းခရီး



၁၉၁၇ ခုနှစ်၊ ဧပြီလ၊ ၁၃ရက် ဖျာပုံခရိုင်
ဘိုကလေးမြို့နယ်၊ ကမကလူရွာတွင် ဖွားမြင်



၁၉၂၂ခုနှစ်၊ ဖျာပုံမြို့ရှိ၊
အေဘီအမ်ကျောင်းတွင်
ကျောင်းစနေသည်။



၁၉၂၇ခုနှစ်၊ ဘိုကလေးမြို့
အစိုးရကျောင်းတွင်
သတ္တမတန်းအောင်သည်။

၁၉၃၂ ခုနှစ်
ရန်ကုန်မြို့မှ
အမျိုးသမီးကျောင်း၌
နဝမတန်းအထိ
ပညာသင်ကြား



၁၉၃၆ – ၁၉၃၇ခုနှစ် ဘိုကလေးမြို့
တို့ဗမာအစည်းအရုံး၏ အမျိုးသမီး
အတွင်းရေးမှူး၊ တက်ခေတ်အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ


၁၉၃၈ခုနှစ်တွင်၊ ဂျာနယ်ကျော်
ဦးချစ်မောင်နှင့်အိမ်ထောင်ပြုသည်။
၁၉၃၉ခုနှစ် ဂျာနယ်ကျော်သတင်းစာ
ထုတ်ဝေသည်။
ဂျာနယ်ကျော်မမလေးအမည်ဖြင့်
ဆောင်းပါးများရေး
၁၉၃၉ခုနှစ်
ပြည်သူ့ဟစ်တိုင် သတင်းစာထုတ်
ဂျာနယ်ကျော်နှင့် ပြည်သူ့ဟစ်တိုင်
တိုက်အုပ်အယ်ဒီတာဖြစ်
၁၉၄၁ ခုနှစ်
ခင်ပွန်းသည်နှင့် ထိပ်တန်းလျှို့ဝှက်
ဖက်ဆစ် ဆန့်ကျင်ရေး မြေအောက်
လုပ်ငန်းလုပ်
၁၉၄၆ ခုနှစ် ခင်ပွန်းသည်
ဂျာနယ်ကျော်ဦးချစ်မောင်
ကွယ်လွန်
၁၉၄၇ ခုနှစ် အမျိုးသမီး
ကလောင်ရှင်အသင်း၏
ဒု-ဥက္ကဋ္ဌအဖြစ်လည်းကောင်း
၁၉၄၇ ခုနှစ် မြန်မာ့တိုင်းရင်းဆေး
စတင်လေ့လာ


၁၉၄၈ ခုနှစ် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဥက္ကဋ္ဌဖြစ်
၁၉၄၈
အိန္ဒိယသို့ သွားရောက်လေ့လာ
မြန်မာပြည်စာရေးဆရာများအသင်း
ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်
၁၉၄၉ ခုနှစ်
ဂျပန်နိုင်ငံသို့
သွားရောက်လေ့လာ
၁၉၅၂ ခုနှစ်
ယဉ်ကျေးမှုကော်မတီဝင်
အဖြစ်တရုတ်နှင့် ဆိုဗီယက်သို့
သွားရောက်
၁၉၅၃ ခုနှစ်မှစ၍
နှစ်စဉ်ရွှေမော်ဓောဘုရားတွင်
မြန်မာ့ဆေးဝါးလှူဒါန်းခြင်း၊
ဆေးကုသခြင်းတို့ လုပ်ဆောင်
၁၉၅၅ ခုနှစ်
နယူးဒေလီတွင်ကျင်းပသော
အာရှတိုက်စာရေးဆရာများ
ကွန်းဖရင့်သို့ တက်ရောက်
၁၉၅၅ ခုနှစ်
မုန်း၍မဟူ ဝတ္ထုဖြင့်
စာပေဗိမာန်ဆုရ
၁၉၅၈ ခုနှစ်
ဂျပန်နိုင်ငံတွင် ကျင်းပသော
အကဲ့မြူဆန့်ကျင်ရေး
ကမ္ဘာ့ညီလာခံသွားရောက်



၁၉၅၉ ခုနှစ်၊ ဦးအောင်ဖေယျနှင့် အိမ်ထောင်သစ်ထူ
ဆေးကုသ
၁၉၆၁ ခုနှစ်၊မြန်မာစာပေကလပ်
အတွင်းရေးမှူး၊ ဝတ္ထုများအား
အစဉ်မပျက်ရေး
၁၉၆၃ ခုနှစ်
နိုင်ငံတော်မှ
(၃)နှစ်ကျော်မျှ
ထိန်းသိမ်းခံရ
၁၉၆၃ ခုနှစ်၊
တွေးတစိမ့်စိမ့် ဝတ္ထုဖြင့်
အနုပညာစာပေဆုရ
၁၉၈၀ ခုနှစ်၊ ဂျပန်နိုင်ငံ၊
နိုင်ငံတကာ ဘာသာပြန်
စာပေပြိုင်ပွဲတွင်
သွေးဝတ္ထုဖြင့်
ဘာသာပြန်စာပေ
ပထမဆုရ
ဆုယူရန်
ဂျပန်နိုင်ငံသို့ သွား
၁၉၈၂ခုနှစ်၊ ဧပြီလ(၆)ရက်၊ အသက်(၆၅)
နှစ် အရွယ်တွင် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ခဲ့



# မာတိကာ

ကျေးဇူးတင်လွှာ

ဂျာနယ်ကျော်မမလေး၏ ဘဝလမ်းခရီး


| | | |
|---|---|---|
| အခန်း(၁) | ငဝါ နှင့် ပန်းပိတောက် | စာ-၉ |
| အခန်း(၂) | သူကလေး | စာ-၁၅ |
| အခန်း(၃) | မမြင်ချင်ပေမယ့်လည်း တွေ့နေရပြီ၊ မကြားချင်ပေမယ့်လည်း သိခဲ့လေပြီ | စာ-၂၆ |
| အခန်း(၄) | တွေးရင်းတွေးကာ အဖြေရှာ | စာ-၃၇ |
| အခန်း(၅) | အမျိုးသမီးများ ဏာသတ်၊ ဉာဏ်အမြင်ရှိရန် | စာ-၄၃ |
| အခန်း(၆) | သခင်မ မတင်လှိုင် | စာ-၄၉ |
| အခန်း(၇) | သူမနှင့် သူ | စာ-၅၈ |
| အခန်း(၈) | ဂျာနယ်ကျော်လေပြီ | စာ-၆၂ |
| အခန်း(၉) | ထိပ်တန်းလျှို့ဝှက် မြေအောက်လုပ်ငန်း | စာ-၇၁ |
| အခန်း(၁၀) | ပြည်သူ့ဟစ်တိုင် | စာ-၇၇ |
| အခန်း(၁၁) | ဆေးဆရာမ ဒေါ်မမလေး | စာ-၈၅ |
| အခန်း(၁၂) | ငြိမ်းချမ်းရေးနှင့် ယဉ်ကျေးမှုခရီးသည် ဒေါ်မမလေး | စာ-၉၂ |
| အခန်း(၁၃) | မရွှေ့မရှိ၊ ရွှေ့သည်ချည်းမို့ | စာ-၁၀၇ |

# အခန်း ၁

## ငဝါနှင့် ပန်းပိတောက်




အခန်း
(၁)
အချိန်ကား ၁၉၁၇ခုနှစ် ဧပြီလ ၁၃ရက်...
နေရာကား မြန်မာပြည်၏ ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်ကြသော
ဧရာဝတီတိုင်း၏ မြစ်ချောင်းများ ခြံရံလျက် တင့်တယ်စွာတည်ရှိနေသော
ဘိုကလေးမြို့အပိုင် ကမကလူရွာကလေးဖြစ်သည်။


ငှဝါနှင့်
ပန်းပိတောက်တို့
အပြိုင်ပွင့်ကာ ကမကလူရွာကလေးအား အလှဆင်လျက် ရှိနေကြသည်။










ဘဏ်မန်နေဂျာကြီး ဦးပျားချို နှင့် ဖနီးဒေါ်ကြွတို့၏
သမီးငယ်ကလေး လူ့လောကထဲသို့ ရောက်လာခဲ့သည်။




“မွေးပြီ မွေးပြီ”
“သမီးကလေးဟေ့.....သမီးကလေး”
ဟူသည့် အသံများက အိမ်ကို လွှမ်းလျက်
နွေဖေပြီလ၏ အလှအား ပြည့်စုံစေခဲ့သည်။
မတင်လှိုင်
စတုတ္ထမြောက်မွေးသော ဤသမီးငယ်လေးအား
“မတင်လှိုင်” ဟု အမည်ပေးလေသည်။


ထိုမတင်လှိုင်ကလေးသည်
စာရေးဆရာမ ရဝေလှိုင်၊
လှတခိုင်၊
ဘိုကလေးမတင်လှိုင်
ဟူ၍ လည်းကောင်း၊
ဂျာနယ်ကျော်နှင့်ပြည်သူ့ဟာစ်တိုင် သတင်းစာတိုက်ပိုင်ရှင်
အယ်ဒီတာ ဂျာနယ်ကျော်မမလေးတစ်ဖြစ်လဲ တိုင်းရင်းဆေး
ဆရာမ ဒေါ်မမလေးဖြစ်လာမည့် သူကလေးဖြစ်သည်။

# အခန်း ၂

## သူကလေး




အခန်း
(၂)
မူလတန်း ကျောင်းသူကလေး
မတင်လှိုင်တစ်ယောက်ဖျာပုံမြို့ရှိ
အေဘီအမ်ကျောင်းတွင်
ကျောင်းစတက်ရသည်။


မတင်လှိုင်ကလေးသည် အမေအား ကပ်ကာ ဂျီကျ တတ်သူကလေးဖြစ်သည်။
ပုံပြောပြဦးနော် မေမေ
ဇာတ်ကြီးဆယ်ဘွဲ့နော်......
မေမေ......
မေမေ
ပုံပြောပြလေ
အေးပါ
သမီးရယ်
အေး....
အေး....


ပုံပြောပြ
မေမေ...
ရွာတွင် ကျောင်းနေစဉ်ကပင်
ဇာတ်ကြီးဆယ်ဘွဲ့ကို တစ်ညတစ်ပုံပြောမှ
ကျောင်းတက်မည်ဆို၍ မိခင်ကပင် ညတိုင်း
ပုံပြောရသည်။ သူမကိုလည်း ချော့မော့ရသေးသည်။
အိပ်....အိပ်တော့နော်
နော်
လိမ္မာပါတယ်
သမီးလေးရယ်

ကျောင်းအားရက် အိမ်တွင်နေရချိန်တွင် အလွန်ကစားမက်သူကလေးဖြစ်သည်။ မိန်းကလေးများ ကစားတတ်သော ကော်ပတ်ရုပ်၊ အိုးပုတ်အပြင် ရွယ်တူယောကျ်ားလေးများ ကစားကြသော ထွေခင်းခြင်း၊ ဂျင်ပေါက်ခြင်း၊ ဝှေ့လိုမ့်ခြင်း၊ စွန်လွှတ်ခြင်း၊ သားရေကွင်းပစ်ခြင်းတို့တွင်လည်း ယောကျ်ားလေးများနည်းတူ ကျွမ်းကျင်လှသည်။ လောက်လေးခွအတွက် ရွှံ့လောက်စာလုံးအလုံးကောင်းသဖြင့် မိခင်ဖြစ်သူရိုက်သော်လည်း ထွေပစ်နည်းမမှန်သော သမီးအား ဖခင်ဖြစ်သူမှ သင်ပေးလေသည်။




၁၃နှစ်အရွယ် ရောက်သည့်တိုင် ကန်ဘောင်ရိုးတစ်လျောက်
ဖခင်ကိုယ်တိုင် တိုက်ပေးသော ရစ်လုံးကြီးအား ပိုက်လျက်
စွန်လွှတ်ရသည်ကို အလွန်ပျော်နေတတ်သည်။


မိန်းကလေးပေမယ့်
စွမ်းရည်သတ္တိရှိမှကွဲ့.....
ဖခင်၏စကားကြောင့် မိခင်ခမြာ မပြောသာဘဲ
လွှတ်လွှတ်လပ်လပ်နေတတ်သော
ထက်မြက်သည့် သမီးငယ်အား လိုက်လျောရလေသည်။
ယောက်ျားလေးများအား လှေစီးရန်ဦးဆောင်ရ၊
မီးပုံးပျံကြီးလွှတ်ရေးကြိုးပမ်းရသဖြင့်
အလုပ်ရှုပ်နေတတ်သော သူကလေးအား...
ရွာဦးကျောင်းမှ ဦးပဍ္ဍင်းက
"ဗိုလ်တကာ့ဘုရင်" ဟု
နောက်လေ့ရှိသည်။


သမီးလေးရေ
ထမင်းစားရအောင်
ခြေလက်ဆေးခဲ့နော်....
ဟုတ်ကဲ့ မေမေ....

သူကလေးသည် ကစားရာတွင် ထူးချွန်သကဲ့သို့ ကျောင်းတွင်
မြန်မာစာပေကိုလည်းစိတ်ဝင်စားသည်။ စာပေအရေးအသားလည်းအထူးကောင်းမွန်သည်။




မင်းရေးပုံ၊ မင်းတွေးပုံဟာ ကျောင်းသားအတွေး မဟုတ်ဘူး
မြန်မာစာ ဆရာက ချီးကျူးအားပေးတတ်သည်
“စာရေးဆရာကောင်း တစ်ဦးဖြစ်နိုင်တယ်” ဟု...ဆိုကာ စာများများဖတ်ရန် တိုက်တွန်းတတ်သည်။
နဝမတန်း
သည်လိုနှင့်.... ကျောင်းသူကလေး မတင်လှိုင်.... နဝမတန်းသို့ ရောက်လာလေသည်။

နဝမတန်းကျောင်းသူလေး မတင်လှိုင် ...









# အခန်း ၃

## မမြင်ချင်ပေမယ့်လည်း တွေ့နေရပြီ၊
## မကြားချင်ပေမယ့်လည်း သိခဲ့လေပြီ...




မတင်လှိုင်၏ ဖခင်မှာ ဖျာပုံ ဒီစတြိတ် ဒေါ်ဆင်ဘဏ် မန်နေဂျာဖြစ်ကာ မိခင်မှာလည်း ပြည့်စုံသော ပတ်ဝန်းကျင်မှ ဖြစ်သည့် အလျှောက် မြို့မျက်နှာဖုံးမိဘများ ဖြစ်ကြသည်။ မတင်လှိုင်ကလေး အရွယ်ရောက်သည်အထိ ပြည့်ပြည့်စုံစုံနှင့် နေရသည်။
ရောင်းလို့လည်း မကုန်ဘူးကွယ်
အဘလဲ ဒီလိုပဲ...
သနားစရာ ဘဝတွေပဲ....


မပေ့ါမပါးကြီးနဲ့ အစ်မရယ်.....
လက်လုပ်မှ ထမင်းစားရတာလေ ညီမလေးရဲ့.....
အခုထိ ဈေးဦး မပေါက်သေး..
သို့သော် သူမ၏ ဖာသိဖာသာမနေတတ်သော၊ အလေးအနက် စဉ်းစားတတ်သော၊ ထက်မြက်သောဉာဏ်သည်...သူမ နေထိုင်ရာ မြို့အနီးကျေးလက်တောရွာရှိ တိုင်းရင်းသားဆင်းရဲသားများ၏ ဘဝကို ထင်ထင်ရှားရှား မြင်လာစေခဲ့သည်။


ထိုသူတို့၏ ဘဝအား
ခံစားငဲ့ညှာတတ်စ ပြုလာသည်။
လူ့ဘဝ၊ လူပီပီ ခံစား၊ စံစားခွင့်ရှိ
သောလူများ ဖြစ်စေချင်သည့်
စိတ်စေတနာက သူမအား
အစဉ်လွှမ်းမိုးလာသည်။
နီးနီးကပ်ကပ်မြင်ရဖန်များလာသော
ဆင်းရဲသားများ၏ ရုန်းကန်လှုပ်ရှားမှုများ
သည် သူမအား ဖမ်းစားလာသည်။


ထိုမျှမက ရွှံ့နွံထဲတွင် ကိုယ်တစ်ပိုင်းနစ်ကာ အဝတ်ဗလာနှင့် လူမမယ် ကလေးငယ်များ ပုဇွန်လုံးနှိုက်၊ ကွန်ပစ်၊ လတာစပ်တွင် ငါးဖမ်းနေပုံတို့အား မြင်ရဖန်များလာသောအခါ ထိုကလေးငယ်များ၏ ဘဝနောင်ရေးအတွက် ရင်လေးမိလာသည်။
လူသာကြီးလာ၍ ဘဝမမြင့်ပဲ ရှိလာခဲ့သော် ဟူသည့်အတွေးက သူမရင်အား ပူပန်စေသည်။


တစ်ဘက်တွင်လည်း
ဖခင်၏ ဘဏ်သည်
မြစ်ဝကျွန်းပေါ်ရှိ
ချစ်တီးများ၏
ငွေသွင်း၊ငွေထုတ်
လုပ်ရာဘဏ်ဖြစ်သည်။
ချစ်တီး
ချစ်တယ်ပြောပြီးတီးတီး
သွားလို့ ချစ်တီးလို့ခေါ်တာလား
မေမေ
အကြွေးမပေးရင်ရှိတာသိမ်းကွာ
ကုန်ပါပြီ


ထိုချစ်တီးများ ရွှေငွေလယ်ယာများအပေါင်ခံ၊ ငွေသားများချိန်ခွင်နှင့်
ချိန်သည်ကို တွေ့မြင်ရသည်။ ဆင်းရဲသားလူမွဲများမှာတော့ လယ်ပေါင်၊
မြေရှုံး၊ အိုးမဲ့အိမ်မဲ့၊ စားရမဲ့ဝတ်ရမဲ့ဖြစ်နေသည်ကိုတွေ့နေရပြန်သည်။
ပွဲကြည့် ပရိသတ်အဖြစ် ဤဇာတ်အား ကြိမ်ဖန်များစွာ သူမကြည့်နေရသည်။
မမြင်ချင်ပေမယ့် တွေ့နေရသည်။ မကြားချင်ပေမယ့် သိနေရပြီ။
ဤဘဝမျိုးမှ ဘယ်လိုကယ်တင်ရပါ့လိမ့်
"ငါ့အခန်းကဏ္ဍကကော ဘာလဲ"
ဟု မိမိကိုယ်ကို အဖန်ဖန်မေးမိသည်။
?
?
?
?


၁၈ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးအနေဖြင့် လုပ်ဆောင်နိုင်သည့် လူမှုရေး
လုပ်ငန်းများတွင် စတင်ဆောင်ရွက်လာသည်။


မြို့ပေါ်စာကြည့်တိုက်ထောင်သောကိစ္စ
မြို့နယ် စာ ကြည့် တိုက်
စကားရည်လုပွဲကိစ္စ
ကားရည်


ဆွမ်းကြီးလောင်းပွဲကိစ္စနှင့်
တစ်စတစ်စ နိုင်ငံရေးသခင်အသင်း
အထိပါဝင်လာခဲ့သည်။
အားကစားပွဲကိစ္စ
နိုင်ငံရေးပွဲ
မြို့ရေး၊ ရွာရေးအသင်းနှင့်
လူငယ်များအသင်းတွင်
ပါဝင်လှုပ်ရှားလာသည်။


ယောက်ျားလေးများနှင့်အတူ လှပကျော့ရှင်းသည့် ခေတ်ဆန်ဆန် အမျိုးသမီးငယ်တစ်ဦး ...
လှုပ်ရှားဦးဆောင်နေသည်မှာ မြို့အဖို့ မြင်နေကျမဟုတ်ပေ။
မိမိတို့အသင်းနှင့် မြို့ရေးရွာရေးအတွက် တစ်အိမ်တက်ဆင်း အလှူခံခြင်း၊ နိုင်ငံရေးကိစ္စများ ဆောင်ရွက်လာခြင်း အားကစားပြုလုပ်ခြင်းများ ကြောင့် များမကြာမီပင် မြို့မှ မျက်စိနောက်စရာ ဖြစ်လာတော့သည်။

# အခန်း ၄

## တွေးရင်း တွေးကာ အမြေရှာ




ဘိုကလေးမြို့သည်
မြစ်ချောင်းများ အနီးရှိသည့်အလျောက်
မော်တော်ခရီးသည်လည်း မတင်လှိုင်အဖို့ မစိမ်းပေ....
ပုဇွန်လုံး နှိုက်
ရပြီကွ..
ငါ့ပေး..
အား...


မြစ်ကမ်းတစ်လျှောက် ဖရိုဖရဲတွေမြင်ရသော
တဲအိုပျက်များသည်လည်းကောင်း
ပုဖွန်နိုက်သူ…နိုက်
ကွန်ပစ်သူ….ပစ်
လတာစပ်ငါးဖမ်းသူ….ဖမ်းဖြင့်


ဝမ်းစာအတွက် လှုပ်ရှားနေကြသော ကလေးငယ်တို့၏
မြင်းကွင်းသည် လည်းကောင်း .....
အသက် (၂၀) အရွယ် မတင်လှိုင်၏ စိတ်အားမောဟိုက်စေသည်။
မြစ်ရေပြင်ကို စိုက်ကြည့်၍သာ စိတ်ကူးဖြင့် အဖြေရှာနေမိသည်။
အသိပညာ
ဆင်းရဲ
မွဲတေမှု
ဆင်းရဲ
မွဲတေမှု


ဒီဘဝမျိုးက ဘယ်လိုကယ်တင်ရမလဲ ငါ့အခန်းကဏ္ဍကကော ဘာလဲ တွေးရင်းတွေးကာ အဖြေရလာသည်က...
သတင်းစာ၊ ဂျာနယ်မှ တဆင့် နိုင်ငံရေး ဆောင်ရွက်သည့် နိုင်ငံရေးသမား တွေကသာ ထိုသူတို့၏ ဘဝလူတန်းစေ့အောင် ပို့ဆောင်နိုင်လိမ့်မယ်
အသိ ပညာ
.... ဟူသော ယုံကြည်ချက်ဖြစ်သည်။


ထိုယုံကြည်ချက်တို့သည် သံမှိုစွဲသကဲ့သို့ သူမ၏ ရင်တွင်ခိုင်မာလာသည်။
မမေ့နိုင်ဘဲစိတ်တွင်လည်း စွဲထင်နေသည်။
ငါ့အခန်းကဏ္ဍကကော
ဘာလဲ

# အခန်း ၅

## အမျိုးသမီးများ ကာသတ်၊ ဉာဏ်အမြင်ရှိစေရန်



ယောက်ျားလေးတစ်အုပ်နှင့် မိန်းကလေးများ၊ လုပ်လေ့မရှိသော နိုင်ငံရေး၊ လူမှုရေး၊ အားကစား လှုပ်ရှားမှုများကိုယောက်ျားလေးများနည်းတူ ရင်ဘောင်တန်းလျက် တစ်ခါတစ်ရံ၊ သူမကပင် ဦးဆောင်တတ်သောကြောင့် မြို့မှ မျက်စိ နောက်လာသည်။




မြန်မာအလင်းသတင်းစာ
“မောင်းသတင်း”ထဲထည့်၍ သူမအား
အရှက်ခွဲမည့် ပစ်စာအား ချေပချင်စိတ်
ပေါ်လာလေသည်။
မြန်မာ့အလင်းသတင်းစာတိုက်သို့ပင်
ဆောင်းပါးပို့ဖြစ်သည်။
ဆောင်းပါး
ပြန်ပို့မယ်...
မြန်မာ့အလင်း
ပယ်မယ်
ပယ်ဗျာ
ထပ်ပယ်
ပယ်ဗျာ
ရော့
ဦးချစ်မောင်


လက်ထောက်အယ်ဒီတာများမှ ပယ်လိုက်မိ၍
နောင်တွင် အယ်ဒီတာ ဦးချစ်မောင်မှ
ဆက်သွယ်လာကာ ဖော်ပြခွင့်
တောင်းဆိုလာသည်။
မြန်မာ့အလင်း သတင်းစာတိုက်မှ
သူမ၏ အရေးအသား အတွေးအခေါ်ကို
ကြိုက်ကာ ......




"အမျိုးသမီးများ ဏာသတ်၊ ဉာဏ် အမြင်ရှိစေရန်" အမည်ဖြင့် ဆောင်းပါးသည် မတင်လှိုင်၏ပွဲဦးထွက် ပုံနှိပ်ဖော်ပြခံရသော ဆောင်းပါးဖြစ်လေသည်။ အမျိုးသမီးများ၏ကဏ္ဍတို့အား နိုင်ငံရေးအတွေးအခေါ် အခြေခံကာ အမျိုးသမီးတို့၏ အမြင်နှင့် ပေါင်းစပ်ရေးသားသော ဆောင်းပါးရှင်တစ်ဦးဖြစ်လာလေသည်။


အမျိုးသမီးများ ကာသတ်၊ ဉာဏ် အမြင်ရှိစေရန်
စာပေနယ်ထဲ့သို့ တစ်စတစ်စ
တိုးဝင်လာဖြစ်ခဲ့လေသည်....
ဆင်းရဲသားများ၏ ဘဝ
တိုးတက်ရေးအတွက်
သတင်းစာဂျာနယ်မှတဆင့်
နိုင်ငံ၏ အရေးဆောင်ရွက်လုပ်ကိုင်
သူများ လိုသည်မဟုတ်ပါလော။

# အခန်း ၄

## သခင်မ မတင်လှိုင်




အခန်း (၆)
ဘိုကလေးမြို့
တို့ ဗမာ အစည်းအရုံး၏ အမျိုးသမီး
အတွင်းရေးမှူး သခင်မ မတင်လှိုင်အဖြစ် .....
တို့ဗမာ အစည်းအရုံး ဆောင်းပါးများ၊ တိုင်းပြုပြည်ပြု
ဆောင်းပါးများကို အားသွန်ခွန်စိုက် ကြိုးစားရေးလေသည်။


သခင်ကိုယ်တော်မှိုင်း၊
သခင်ထွန်းအုပ်၊ သခင်ဗစိန် နှင့်
သခင်မဒေါ်သိန်းတင်တို့၏ နယ်လှည့် တရားပွဲများအတွက် ...
ပင်တိုင်စီစဉ် စည်းရုံးသူ
တစ်ဦးအဖြစ် ...


တို့ဗမာအစည်းအရုံးမှလည်း
အားကိုးလာသည်။
သူမကလည်း
ကျေကျေနပ်နပ်ပင်
အလုပ်ရှုပ် အပင်ပန်းခံသည်။

မြစ်ဝကျွန်းပေါ်တစ်လျှောက် အရင်းရှင်များ၏သွေးစုပ်ပုံအကြောင်း၊
မိမိနယ်တစ်ဝိုက် လှည့်ကာ အမျိုးသား နိုးကြားရေးအတွက်
တရားဟောခြင်း၊ တရားပွဲများ စီစဉ်ပေးခြင်းကြောင့်မျက်နှာဖြူများ၏
မျက်စိ စပါးမွေးစူးခြင်း ခံရပြန်သည်။




ထိုမျက်စေ့
စပါးမွေးစူးခြင်း
ခံရသူမှာ...
သခင်မမတင်လှိုင်
တစ်ယောက်တည်း
မဟုတ်ဘဲ မိဘများပါ
ပါလေသည်.....
ဖခင်ဖြစ်သူမှာ
အင်္ဂလိပ်တို့
ပိုင်သောဘဏ်တွင်
အလုပ်လုပ်
နေသော်ငြားလည်း
သမီးကိုကား
တားမြစ်
ဟန့်တားခြင်း
မပြုခဲ့ပေ။


လိုအပ်လျှင် ငွေကြေးပင်
ပံ့ပိုးပေးသည် ။


တို့ဗမာ အစည်းအရုံး
ဘိုကလေးမြို့၏ အတွင်းရေးမှူး
သခင်မ မတင်လှိုင်အဖြစ် လည်းကောင်း
ဘိုကလေးတက်ခေတ်
အမျိုးသမီးဥက္ကဋ္ဌအဖြစ် လည်းကောင်း၊
လေးစား
အပ်သော
မိဖပြည်သူ
ဦးကြီးများရှင့် . .
...............
...............
...............




ဆောင်းပါးရှင် ရဝေလှိုင်အဖြစ်လည်းကောင်း အသက် ၂၀ အမျိုးသမီးလေးများ မလုပ်သည့်
အလုပ်အား သူမတိုင်းပြည်အတွက် ယုံကြည်ချက်
အပြည့်နှင့်ကြိုးစား လုပ်ကိုင်လာသည်။
တို့ဗမာ အစည်းအရုံး
ဘိုကလေးမြို့ သခင်မ မတင်လှိုင်
အားကိုးရတဲ့
သခင်မ
မတင်လှိုင်

# အခန်း ၇

## သူမ နှင့် သူ




မြန်မာ့အလင်း
မြန်မာ့အလင်း သတင်းစာတိုက် သို့ ဆောင်းပါးများပို့ရင်း သတင်းအယ်ဒီတာချုပ်ဦးချစ်မောင် နှင့် ရင်းနှီးကျွမ်းဝင်လာသည်။


တိုင်းပြည်ကိုချစ်၍ တိုင်းသူပြည်သားများကြီးပွား တိုးတက်ရန် စိတ်အားထက်သန် ဇွဲမာန်ပြင်းစွာ လုပ်ကိုင်တတ်သူ မတင်လှိုင်နှင့် စာပေသူရဲကောင်း ဦးချစ်မောင်တို့ ၁၉၃၈ ခုနှစ်တွင်အကြောင်းပါလေသည်။


မတင်လှိုင်တစ်ယောက် သျှောင်နောက် ဆံထုံးပါ ဆိုသည်နှင့် အညီ ခင်ပွန်းနှင့် အတူ ရန်ကုန်သို့ လိုက်လာလေသည်။


ဂျာနယ်ကျော်
THE WEEKLY THUNDERER

နိုင်ငံ၏ အရေးကိစ္စများအားဆောင်ရွက်လို၍
အယ်ဒီတာလုပ်သောဦးချစ်မောင်နှင့်
သူကဲ့သို့ပင်တိုင်းသူပြည်သားများတိုးတက်
စေလိုသော စေတနာရှိသည့် မတင်လှိုင်တို့
ဂျာနယ်ကျော် သတင်းစာတိုက်အား
၁၉၃၉တွင် ထူထောင်လေသည်။



# အခန်း ၈

## ဂျာနယ်ကျော်လေပြီ




ပြည်သူလူထုကို အသိဉာဏ်ပေးတတ်သော နိုင်ငံရေး၊ စစ်ရေးတို့ကို
ပြတ်သားစွာ ဝေဖန်ရေးသားတတ်သော သုတ ရသနှင့်
သတင်းစွယ်စုံပါသည့်ဂျာနယ်ကျော်အား ....
နိုင်ငံရေး
စစ်ရေး
ဂျာနယ်ကျော်
THE WEEKLY THUNDERER
တစ်စတစ်စ ....
လူကြိုက်များလာသည်။
ဂျာနယ်ကျော်
ဂျာနယ်ကျော်


ဂျာနယ်တိုက်အောင်မြင်ရန်မှာ ဂျာနယ် အရည်အသွေး တစ်ခုတည်းနှင့် မဖြစ်နိုင်။
ဂျာနယ်ကျော်
THE WEEKLY THUNDERER
လုပ်ငန်းစီမံခန့်ခွဲ
တတ်ရန်လည်း
လိုပေသေးသည်။
ဂျာနယ်ကျော် အလုပ်ခန်း


ငယ်စဉ်က ဖခင်ဖြစ်သူသည် သားသမီးများတွင် မည်သူ
ကိုယ်ပိုင်လုပ်ငန်း ရှိမည် မသိ၍ အမြော်အမြင်ကြီးစွာ
စာရင်းကိုင်အတတ်အား ဘဏ်တွင် သင်ယူစေသည်။
အင်္ဂလိပ်ထံ အလုပ်မလုပ်လို၍သာ သူမဘဏ်ဝန်ထမ်းမလုပ်ခဲ့။


ဖခင်ဘဏ်မန်နေဂျာကြီးထံမှ
ငွေစာရင်းနှင့် လုပ်ငန်းစီမံခန့်ခွဲမှုအား
လေ့လာတတ်မြောက်ထားသည့်
ဒေါ်တင်လှိုင် တစ်ယောက်
ဖခင်၏ ပညာအမွေအတွက်
ကျေးဇူးတင်မိသည်။


စာရင်းဇယားလည်း
နိုင်နင်းသော
ဂျာနယ်ကျော်ဒေါ်မမလေး
၏ စီမံမှုအောက်တွင်
ဂျာနယ်ကျော်သည်လည်း
တစ်စတစ်စ တိုးတက်လာ
သည်။
ဒေါ်မမလေးသည်
လုပ်ငန်းသုံးလည်ပတ်
ရင်းနှီးငွေအား
ကျွမ်းကျင်စွာကိုင်တွယ်
တတ်သည်။






အင်္ဂလိပ်နည်းစနစ်ဖြင့်
အဖက်ဖက်မှ မလစ်ဟင်းစေရန်
လုပ်ဆောင်တတ်သော
ဒေါ်မမလေး၏ စွမ်းရည်ကြောင့်
လုပ်ငန်းများတိုးချဲ့နိုင်လာကာ
အစောင်ရေ ၆၀၀၀ဖြင့် စခဲ့သော
ဂျာနယ်ကျော်သည်
အစောင်ရေ ၉၀၀၀ ထိပင်
ရောင်းအားကောင်းလာသည်။
ဂျာနယ်တကာ့ဂျာနယ်မှာ
ဒီဂျာနယ် ကျော်လေပြီ



စည်းကမ်းသည် မည်သည့်နေရာတွင်မဆို
အရေးကြီးသည်။ ကြီးပွားတိုးတက်ရေး၊
ဥစ္စာပစ္စည်းကြွယ်ဝရေးမှာ စည်းကမ်းသည်
အရေးကြီးသည်ဟု လက်ခံလျက် အလုပ်တိုက်
အတွက် ထားရှိသည့်စည်းကမ်းများကို
သူမကာစ၍ အားလုံးပင် လိုက်နာကြရသည်။


ဂျာနယ်တိုက်အုပ်ချုပ်ရေး၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများကို သူမကသာ ဦးဆောင်သည်။ အိမ်ထောင်ရှင် ကလေးသုံးယောက်မိခင်ဖြစ်သည့် အလျောက် ခင်ပွန်းသည်နှင့် သားသမီးများအတွက် မလစ်ဟင်းစေရန်လည်း ဂရုစိုက်ရသည်။ အိမ်ရှင်အလုပ်သမားများ သူ့နေရာနှင့်သူလုပ်စေရန် စည်းကမ်းတကျစီမံရသေးသည်။
မောင်ဖြူ...ရေခပ်ပြီးရင် ထင်းပေါက် ပါဦးကွဲ့
ဟုတ်ကဲ့ မမလေး

# အခန်း ၄

## ထိပ်တန်းလျှို့ဝှက်
## မြေအောက်လုပ်ငန်း




အခန်း
(၉)
ဂျာနယ်ကျော်သတင်းစာသည်
အရှိန်အဟုန်ကောင်းစွာဖြင့်
အောင်မြင်လျက်ရှိနေချိန်တွင်
စစ်လေယာဉ်များ
အစဉ်မပြတ်
ဗုံးချလျက်ရှိသည်။
စစ်ရိပ်များသန်းလာသည်။


ထိုအချိန်များတွင် ဂျာနယ်ကျော်သည်
စီးပွားရေးတွက်ချေကိုက်ဖို့ထက်
ပြည်သူလူထုထံ သတင်းအမှန်ရောက်ဖို့
အရေးကြီးသည်ဟု ခံယူကာ
အခြေအနေပေးသည်အထိ
အန္တရာယ်များကြားမှ
ထုတ်ဝေသည်။


ဂျပန်ခေတ် တိုင်းပြည်မငြိမ်သက်၍ သတင်းစာထုတ်ဝေမှု ရပ်နားရသည့်နောက် ဒေါ်မမလေးတစ်ယောက် ခင်ပွန်းနှင့်အတူထိပ်တန်းလျှို့ဝှက် ဖက်ဆစ်ဆန့်ကျင်ရေးမြေအောက်လုပ်ငန်းအား လုပ်ဆောင်ခဲ့ကြသည်။
အောက်ခြေတွင်ဖြစ်နေသော သတင်းအမှန်တော်လှန်ရေး လုပ်ကိုင်နေသူများသိရှိရန် လိုအပ်သည်။


ထိုကြောင့်လည်း ဤမြေအောက်လုပ်ငန်းကို လျှို့ဝှက်စွာ
လုပ်ဆောင်ကြသည်။


တိုင်းပြည်ကောင်းစားရင်ပြီးရော
နေရာရစရာမလို.....
လူသိစရာမလို.....
ဟူသည့် ခံယူချက်ဖြင့် နိုင်ငံ၏ အရေးကို လုပ်ဆောင်သော
နိုင်ငံရေးသမား အယ်ဒီတာ ဦးချစ်မောင် နှင့် ဒေါ်မမလေးတို့
အစွမ်းကုန် စွန့်စားကြလေပြီ။

# အခန်း ၁၀

## ပြည်သူ့ဟာစ်တိုင်




ဆန္ဒတူ ရည်ရွယ်ချက်တူသည့် ချစ်ခင်ပွန်း နှင့် လက်တွဲ
လို့မှ မဝသေးခင် ခင်ပွန်းသည် ဦးချစ်မောင် မမျှော်လင့်ပဲ
၁၉၄၆တွင်ကွယ်လွန်လေသည်။

အသက် (၂၉)နှစ် အရွယ် ဂျာနယ်ကျော် မမလေးတစ်ယောက်
သမီး မခင်လေးမြင့်၊ သားမောင်သိန်းတန်နှင့် သားငယ် မောင်မိုးဟိန်း တို့အတွက်
လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ ရုန်းကန်ရပေဦးမည်။




စစ်ပြီးခေတ်
ဂျာနယ်ကျော်
ဂျာနယ်ကျော် မမလေး
ဂျာနယ်ကျော် မမလေး
ဂျာနယ်ကျော် မမလေး
ဂျာနယ်ကျော်အားအပတ်စဉ် ပြန်လည်ထုတ်ဝေလျက်ရှိရာ
ခင်ပွန်းသည်မကွယ်လွန်မီ ဆန္ဒ အတိုင်းဂျာနယ်ကျော်နှင့်
ပြည်သူ့ဟစ်တိုင်သတင်းစာကိုပါ ထုတ်ဝေမြဲထုတ်ဝေသည်။


ပုံနှိပ်စက်ထောင်ကာ ဂျာနယ်နှင့်
သတင်းစာလည်းထုတ်သည်။
နောက်ပိုင်းတွင်.....
ဂျာနယ်ကျော်မမလေးကုမ္ပဏီ
ထူထောင်၍....
စီးပွားရေး လေ့လာမှု အတွက်
အိန္ဒိယနှင့် ဂျပန်နိုင်ငံသို့ပင်
သွားလိုက်သေးသည်။


တစ်ဘက်တွင်လည်း ဝတ္ထုရှည် ဆောင်းပါးများနှင့် ကိုယ်တွေ့မှတ်တမ်းများ အရေးမပျက်ခဲ့ပေ ။
သူမတစ်ဦးတည်း အပင်ပန်းခံကာ မနေမနား ဝီရိယကြီးစွာ ရုန်းကန်လှုပ်ရှားခဲ့သည်။
သားသမီးများ၏ ပညာရေးအတွက် အိန္ဒိယ နိုင်ငံ ဒါဂျီလင်တွင်လည်းကောင်း၊ မြန်မာပြည် စိန်ပေါ်ကျောင်းတွင်လည်းကောင်း၊ ကျောင်းအိပ် ကျောင်းစားဖြင့် ပညာသင်စေသည်။


အရွယ်မရောက်တတ်သေး လူလားမမြောက်တတ်သေးသောသားသမီးများအရေး
အစဉ်တွေးတော ဦးစားပေးလျက် ရှန်းကန်လှုပ်ရှား လျက်ဖြင့်ပင် တိုင်းပြည်အတွက်
ကျရာ ကဏ္ဍတွင် တာဝန်ထမ်းဆောင်သည်။

၁၉၄၇
**အမျိုးသမီး**
**ကလောင်ရှင်အသင်း**
ဒုတိယဥက္ကဋ္ဌအဖြစ်
တာဝန်ထမ်းဆောင်ခဲ့သည် .....

၁၉၄၈ – ၄၉
**မြန်မာနိုင်ငံ**
**စာရေးဆရာအသင်း၏**
ဥက္ကဋ္ဌအဖြစ်
တာဝန်ထမ်းဆောင်ခဲ့သည် .....

မည်မျှပင် အလုပ်တာဝန်တွေ
များပါစေ ဆောင်းပါးဝတ္ထုတိုများ
အရေးမပျက်ပေ။
သူမရေးသားသော ဝတ္ထုများသည်လည်း
ပြည်တွင်းသာမက ပြည်ပသို့တိုင်ပင်
ပျံ့နှံ့ရောက်ခဲ့ချေပြီ ....



# အခန်း ၁၁

## ဆေးဆရာမ ဒေါ်မမလေး




ကြီးပွားရေး စီးပွားရေး
သားသမီးရေးများ
ကြားထဲမှရသည့်
အချိန်လေးတွင်
ကျန်းမာရေးအတွက်
လေ့လာဖြစ်လာသည်။
ကျန်းမာရေးသည်လူတိုင်းအတွက်
အရေးကြီးသည် မဟုတ်ပါလော....


ဤတွင် အနောက်တိုင်း ဆေးပညာဖြင့် ခွဲစိတ်မိသောကြောင့်..... သမီးဖြစ်သူ ခြေမသန် ဖြစ်သွားရခြင်း.....
လူသာသေသွားသည့်တိုင် .. ဆရာဝန် ၃ ဦး ရောဂါအမည် (၃)မျိုးတပ်လျှက် ခင်ပွန်းသည် မည်သည့်ရောဂါကြောင့် သေသည်ကိုပင် မပြောနိုင်ကြ၍ အနောက်တိုင်း ဆေးပညာအား သံသယ ဝင်လာသည်.....
တစ်စထက်တစ်စ တိုင်းရင်းဆေးကို ယုံကြည်ကိုးစားလာသည်။
မြန်မာ့ဆေးပညာကိုလည်း လေ့လာဖြစ်ခဲ့သည်။


နေလဝိဇ္ဇာ ဆရာကြီး
ဆရာခိုင်ထံတွင်
လည်းကောင်း.....
ဓါတ်ဆရာကြီး
ဆရာလှိုင်ထံတွင်
လည်းကောင်း.....
မြန်မာ့ဆေးပညာအား နှစ်ရှည်လများ
လေ့လာဆည်းပူးသည်။ သောက်ရန်
ဆေးပေးရုံမျှမက လူနာ၏ သဘာဝကို ကြည့်လျက် သင့်တင့်သော အနံ့၊အသံ၊အထိအတွေ့၊
ဓါတ်စာ များပါစားသုံးစေလျက် ကုသနည်းဖြစ်သောကြောင့် ပညာ မှာသိမ်မွေ့နက်နဲ လှသည်။


၁၅နှစ်တာမျှ တိုင်းရင်းဆေးပညာအား
လေ့လာပြီးသည့်နောက်......
အရပ်က သတ်မှတ်ပေးသော......
ဆရာကလွှဲအပ်သော.....
ဆေးဆရာ တစ်ဦးဖြစ်လာရသည်။
တဘက်တွင်လည်း
မြန်မာ့တိုင်းရင်းဆေး
ပညာ၏ အစွမ်းအား
သိစေရန် ဆေးပညာ
ဆောင်းပါးများ ရေးသား
ခဲ့သည်။ ထိုခေတ်က
လူဖတ်များသော သွေး
သောက်၊ မဂ္ဂဇင်းများတွင်
မကြာမကြာဖော်ပြ
လေ့ရှိသည်။
ပုံနှိပ်တိုက်တွင်ပင် ဝေဒနာရှင်များ သက်သာစေရန် နေ့စဉ်တွေ့ဆုံ ကုသပေးသည်။


သို့သော်...
ဆေးဆရာလုံးလုံးဖြစ်မည်စိုး၍
ဆိုင်းဘုတ်မတပ်ခဲ့ပေ။
ဆေးတိုက်ဖွင့်လျှင်ချမ်းသာ
မည်ကိုသိသော်လည်း
ဆေးထုတ်ရောင်းချခြင်း
လုပ်ရန်စိတ်မကူးခဲ့ပေ။
ကုသိုလ်ဖြစ်စေရန်နှင့် ရေးအစဉ်အလာကြီးသည့်
မြန်မာ့ဆေးပညာအား ဖော်ထုတ် မြှင့်တင်ပေးလိုရန်
ဆန္ဒကြောင့် သာ ဆေးကုသခဲ့သည် တိုင်းရင်းဆေးပညာ
ဆောင်းပါးများရေးဖြစ်ခဲ့သည်။
တိုင်းရင်းဆေး
တိုင်းရင်း
ဆေး


၁၉၅၄ မှစ၍ရွှေမော်ဓောဘုရားပွဲတွင် မြန်မာ့ဆေးပညာကို
တန်ဖိုးထားတတ်စေရန်ဆေးအလှူမဏ္ဍပ်ပြုလုပ်လှူ ဒါန်းခဲ့သည်။
ထိုမဏ္ဍပ်တွင် သူနာပြု ဆရာမများခေါ်လျက်အနောက်တိုင်းဆေးခန်း
ကဲ့သို့ပြင်ဆင်ကာ ဆေးလှူဒါန်းကုသပေးခဲ့သည်။
မြန်မာ့တိုင်းရင်းဆေးမြင့်မားလာစေရန်နှင့် တိုင်းရင်းဆေးအား
ယုံကြည်တန်ဖိုးထား လာစေရန် စွမ်းဆောင်ခဲ့သည်။

# အခန်း ၁၂

## ငြိမ်းချမ်းရေးနှင့်
## ယဉ်ကျေးမှုခရီးသည်ဒေါ်မမလေး




သူမလုပ်နေသော လုပ်ငန်းများသည် လျော့သွားသည်မရှိ။စ စ်အတွင်း မိမိကိုယ်တိုင် ဗုံးကျဲလေယာဉ်များ၏ ဘေးမှလွတ်အောင် ပြေးခဲ့ရသူဖြစ်ရာ
စစ်တားဆီးရေး မြန်မာနှင့် ကမ္ဘာ့ငြိမ်းချမ်းနိုင်ရေးသည် သူမအတွက် အရေးကြီးလှသည်။


ပါတီနိုင်ငံရေး အသွင်မျိုးမဟုတ်ပဲ တစ်နိုင်ငံလုံး၏ အရေးအဖြစ် လည်းကောင်း၊ မည်သည့် ဘက်မှ မျက်နှာမလိုက် အာဃာတမထားဘဲ ငြိမ်းချမ်းရေးထိပါးမှုဟူသမျှ ရှောင်ကျဉ်နိုင်မှသာ ငြိမ်းချမ်းနိုင်မည်ဟု လည်း ယုံကြည်ထားသည်။


စွမ်းသလောက်လည်း လုပ်ဆောင်ခဲ့သည်။ စစ်တားဆီးရေး၊တစ်နိုင်ငံနှင့် တစ်နိုင်ငံ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တိုးတက်ပျံ့ပွားရေး အတွက် ထူထောင်ထားသော ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ကရက် (မြန်မာပြည်) ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ သည်။

၁၉၅၈ ဂျပန်နိုင်ငံတွင် ကျင်းပသော အဏုမြူဆန့်ကျင်ရေး ကမ္ဘာ့ညီလာခံတွင် ကျရာကဏ္ဍတွင် တာဝန်ယူဆွေးနွေးခဲ့သည်။




ထိုမျှမက တရုတ်နှင့် ဆိုဗီယက်သို့
ယဉ်ကျေးမှုကော်မတီဝင်အဖြစ်လည်းကောင်း


အိန္ဒိယသို့ အာရှတိုက်စာရေးဆရာများ ကွန်ဖရင့်သို့
လည်းကောင်း သွားရောက်ခဲ့သည်။


ဝတ္ထုဆောင်းပါးများရေးသား
ပြီး တတ်စွမ်းသမျှငြိမ်းချမ်းရေး
လှုပ်ရှားမှုများတွင်ပါဝင်ကာ
နိုင်ငံအရေးကိစ္စများ
ဆောင်ရွက်သည်။


မိမိ၏တန်ဖိုးရှိလှသောဆေးပညာဖြင့်
နေ့စဉ်လူနာများအား ကုသပေးသည်။

လူ့လောကတွင် သားသမီးများ လူလားမြောက်ရေးအတွက် ဒေါ်မမလေးတစ်ဦးတည်း ရုန်းကန်ကာ ဘဝကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့သည်။ ၁၃နှစ်တာလုံးလုံး မုဆိုးမဘဝဖြင့် သားသမီးအရေး၊ စီးပွားရေး၊ လူမှုရေး၊ အနုပညာစာပေနှင့်ဆေးပညာတို့ဖြင့် ချာချာလည်ခဲ့ရသည်။





၁၃ နှစ်တာ လုံးလုံး မုဆိုးမဘဝဖြင့် ရုန်းကန်ခဲ့ရသည့် ဒေါ်မမလေးသည် ၁၉၅၉ တွင် ဦးအောင်ဇေယျနှင့် အိမ်ထောင်သစ် ထူထောင်သည်။




ဒေါ်မမလေးသည် မိမိ၏ လုပ်မြဲရှိသော ဆောင်ရွက်ဖွယ်ရာ
တို့ကို ဆောင်ရွက်နေခဲ့သည်။ ၁၉၆၁တွင် မြန်မာစာပေကလပ်
အတွင်းရေးမှူးလုပ်ဆောင်ရင်း နာမည်ကျော်လူကြိုက်များ
လာမည့် သူမ၏ ဝတ္ထုများအား အစဉ်မပြတ်ရေးကာ
ဆေးကုသမြဲ ကုသလျက်ရှိသည်။
ဂျာနယ်ကျော်
မမလေး




တိုင်းပြုပြည်ပြု စာပေနှင့် နိုင်ငံ၏အရေးကိစ္စများတွင် ကျရာနေရာမှ တာဝန်ထမ်းဆောင်သည်။
၁၉၆၃ခုနှစ် အရောက်တွင် နိုင်ငံတော်မှ ထိန်းသိမ်းခံရသည်။


၃နှစ်ကျော်မျှ အိမ်တစ်လုံးတွင် အကျယ်ချုပ် ခံရချိန်တွင် ရသည့် အချိန်တွင်ပင် စာရေးမြဲရေးသည်။
သတိသတိလွတ်စားခြင်း
ဥပုသ်စောင့်ခြင်း
လနဲ့ချီ၍ဥပုသ်ရှည်ယူခြင်း
နေ့စဉ် ပုတီးပတ် (၁၀၈၀) ပတ်စိတ်ခြင်း
နေထွက်နေဝင်ချိန်များတွင် နေမင်းအားသစ္စာပြုပြီး မောရသုတ် ရွတ်ဆိုခြင်းတို့ကို မပျက်မကွက် လုပ်ဆောင်သည်။
အမိဌာန်ချိန်မှ လွတ်သည့်တစ်နေ့ နှစ်နာရီအားအသုံးချကာ "ရင်နင့်အောင်မွေး" ဝတ္ထုကို ရေးလေသည်။



ဂျာနယ်ကျော်မမလေး ရေးသားခဲ့သော
ဝတ္ထုများသည်
အထူးပင်လူကြိုက်များသည်။
သူမရေးသားသော "မုန်း၍မဟူ" ဝတ္ထုဖြင့်
၁၉၅၅တွင် စာပေဗိမာန်ဆု၊ "
တွေးတစိမ့်စိမ့်"
ဝတ္ထုဖြင့် ၁၉၆၃ အနုပညာစာပေဆု၊
ဝတ္ထုတိုပေါင်းချုပ်တတိယဆုတို့ကို
ရရှိခဲ့သည်။

ဂျာနယ်ကျော်မမလေး၏ လက်ရာများကို မြန်မာပြည်တွင်သာမက ကမ္ဘာကပါ အားပေးလက်ခံခဲ့သည်။



ဂျာမန်ဘာသာဖြင့်
"မြက်ကလေးတစ်ပင်" ဝတ္ထု၊
ရုရှားဘာသာဖြင့်
"တွေးတစိမ့်စိမ့်" ဝတ္ထု၊
ထိုင်း၊ ဂျပန်ဘာသာဖြင့်
"သွေး" ဝတ္ထု၊
အင်္ဂလိပ်ဘာသာဖြင့်
"မုဆိုးမ" ဝတ္ထု၊
ရုရှ၊ ဥဇဘတ်၊ ပြင်သစ်၊
တရုတ်၊ အင်္ဂလိပ်ဘာသာများဖြင့်
"မုန်း၍မဟူ"၊ အင်္ဂလိပ်ဘာသာဖြင့်
"သူလိုလူ" ဝတ္ထုများသည် ကမ္ဘာ့စာဖတ်ပရိသတ်၏
အားပေးမှုကိုပါ ရရှိခဲ့သည့်
ဝတ္ထုများ ဖြစ်သည်။


ထိုမျှမက ဂျပန်ဘာသာဖြင့် ပြန်ဆိုခဲ့သော
"သွေး" ဝတ္ထုအား ၁၉၇၉ ၌ ဂျပန်နိုင်ငံတွင်
ကျင်းပသော နိုင်ငံတကာ ဘာသာပြန်စာပေပြိုင်ပွဲ၌
ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နိုင်ငံပေါင်းစုံမှ
စာအုပ်ပေါင်း ၂၀၀၀ကျော် ဝင်ပြိုင်ကြရာ
"သွေး" ဝတ္ထုက ဘာသာပြန် စာပေ ပထမဆု ကို
ရရှိခဲ့သည်။
သွေး


၁၉၈၀တွင် ဘာသာပြန်စာပေဆုယူရန် ဂျပန်နိုင်ငံမှ ဖိတ်ကြားသဖြင့် သွားရောက်ခဲ့သည်။

# အခန်း ၁၁

## မရှေ့မရှိ၊ ရှေ့သည်ချည်းမို့




စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးသည် ဝတ္ထုတိုပေါင်း ၁၀၀ခန့်၊ ဝတ္ထုရှည် ၁၃ပုဒ်၊ ခရီးသွားမှတ်တမ်း ၂ပုဒ်၊ အထွေထွေဆောင်းပါး ၁၀၀ ကျော်ရေးသားခဲ့သည်။
ဂျာနယ်ကျော်
မမလေး

ဆရာမကြီး၏ ဝတ္ထုများမှာ ယနေ့ထက်တိုင် အကြိမ်ကြိမ်ပြန်လည်
ပုံနှိပ်ထုတ်ဝေခြင်းခံရသော
ပရိသတ်ရင်တွင် စွဲနေသော စာအုပ်များဖြစ်သည်။





ဆရာမကြီးသည် ၁၉၈၁ ခုနှစ်တွင် "မရွှေမရှိ ရွှေသည် ချည်းမို့" အမည်ဖြင့် ဆောင်းပါးအား နောက်ဆုံးရေးသားကာ သေခြင်းတရားကို မလွန်ဆန်နိုင်ကြောင်း၊ သတိသံဝေဂရကြောင်း၊ အကြောင်းတရားများအား ဖော်ပြလျှက် မိမိ၏စာဖတ်ပရိသတ်အားလည်း သတိသံဝေဂ ရစေရန် သတိပေးရင်း နှုတ်ဆက်ခဲ့သည်။


စာဖတ်သူ
လက်ဝယ်ရောက်ရှိ
ဖြန့်ချိရေး
စာအုပ်ချုပ်
ပုံနှိပ်စက်တင်
စာဖောင်ဖွဲ့
တည်းဖြတ်
စာမူပို့
ဂျာနယ်ကျော်
THE WEEKLY THUNDERER
အမျိုးသမီးများ
လုပ်ကိုင်လေ့မရှိသော
သတင်းစာထုတ်ဝေခြင်းတို့အား
ကျွမ်းကျင်ပိုင်နိုင်ရဲဝံ့စွာ
လုပ်ကိုင်ခဲ့သည့်
ဆရာမကြီး ....


တိုင်းရင်းဆေး
တိုင်းရင်းဆေး
တိုင်းရင်းဆေး
မြန်မာ့ဆေးပညာကို မြန်မာများ
အထင်ကြီးလေးစားစေရန်
စေတနာထား ဖော်ထုတ်ခဲ့သော
တိုင်းရင်းဆေး ဆရာမကြီး ....


နိုင်ငံရေး၊ လူမှုရေး၊
စီးပွားရေးတွင်
ထူးချွန်ထက်မြက်
လေးစားလောက်သော
အမျိုးသမီးကြီး
ဆရာမကြီး
ဂျာနယ်ကျော် မမလေးသည်




ဆရာမကြီး ဂျာနယ်ကျော် မမလေးသည်
၁၉၈၂ ခုနှစ် ဧပြီလ ၆ရက် အသက်၆၅နှစ်အရွယ်တွင်
နေအိမ်၌ ကွယ်လွန် အနိစ္စရောက်ခဲ့လေသည်။
ပိတောက်နှင့် ငုဝါတို့ပြိုင်ကာ ပွင့်သည့် နွေပြေပင်
သူမ၏ဘဝလမ်းခရီး ဆုံးခဲ့လေပြီ။

# ကလေးတို့ရေ
# လာနယ်ကျော်မမလေး
# အကြောင်း စဉ်းစားရအောင်

မတင်လှိုင်ကလေးရဲ့မိဘတွေနဲ့
သူ့ရဲ့မွေးရပ်ကို မှတ်မိကြလားကွယ်။



တခြားမိန်းကလေးများနဲ့ မတူတဲ့
မတင်လှိုင်လေးအကြောင်း ပြောပြပါလား။





မတင်လှိုင်၏မြို့အနီး တောရွာ
လူများရဲ့ဘဝကို မြင်တွေ့ရတော့
သူဘာဖြစ်လာသလဲ။

အသက်(၂၀)အရွယ် မတင်လှိုင်တစ်ယောက်
စာပေနယ်ထဲ ဘယ်လိုရောက်လာသလဲ။







ဂျာနယ်ကျော်ဖို့ ဒေါ်မမလေး
ဘာတွေကြိုးစားခဲ့ရသလဲ။



ဆေးဆရာမ ဒေါ်မမလေး ပြည်သူ့ကျန်းမာရေးအတွက်
ဘာတွေလုပ်ဆောင်ခဲ့သလဲ။

ငြိမ်းချမ်းရေးနှင့် ယဉ်ကျေးမှုခရီးသည် ဒေါ်မမလေး
ဘာတွေလုပ်ဆောင်ခဲ့သလဲ။



ဂျာနယ်ကျော်မမလေးရဲ့ဘယ်အရည်အသွေးကို
အားကျမိလဲ။





## ဂျာနယ်ကျော်မမလေး၏ တဘဝခရီးနှင့် ရရှိခဲ့သောဆု

ဝတ္ထုတိုပေါင်း (၁၀၀) ခန့်
ဝတ္ထုရှည် (၁၃) ပုဒ်
ခရီးသွားမှတ်တမ်း (၂) ပုဒ်
အထွေထွေဆောင်းပါး (၁၀၀) ကျော်
ရေးသားခဲ့

## ဘာသာပြန်ဆိုခြင်းခံရသော ဂျာနယ်ကျော်မမလေး၏ နာမည်ကျော် ဝတ္ထုများ

ဂျာမန်ဘာသာဖြင့် "မြက်ကလေးတစ်ပင်"
ရုရှားဘာသာဖြင့် " တွေးတစိမ့်စိမ့်"
ဂျပန်၊ ထိုင်း ဘာသာဖြင့် " သွေး "
အင်္ဂလိပ် ဘာသာဖြင့် " မုဆိုးမ "
ရုရှား၊ ဥဇဘတ်၊ ပြင်သစ်၊ တရုတ် ဘာသာများဖြင့်
"မုန်း၍မဟူ"
အင်္ဂလိပ်ဘာသာ ဖြင့် "သူလိုလူ"



## ဂျာနယ်ကျော်မမလေး ရရှိခဲ့သော စာပေဆု

၁၉၅၅ ခုနှစ် "မုန်း၍မဟူ" ဝတ္ထုရှည် စာပေဗိမာန်ဆု
၁၉၆၃ ခုနှစ် "တွေးတစိမ့်စိမ့်" ဝတ္ထု စာပေဗိမာန် အနုပညာစာပေဆု
၁၉၆၃ ခုနှစ် ဝတ္ထုတိုပေါင်းချုပ် တတိယဆု
၁၉၇၉ ခုနှစ် သွေးဝတ္ထုဖြင့် ဘာသာပြန်စာပေ ပထမဆု



## ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အောက်ပါစာအုပ်များကို ကိုးကားမှီငြမ်းခဲ့ပါသည်။


၁။ ဒေါ်စောမုံညင်း၊ မြန်မာအမျိုးသမီး (ပထမအကြိမ်)
ပိတောက်လှိုင်စာပေ၊ ဧပြီလ၊ ၁၉၇၆။

၂။ ကောင်းပြည့်စုံ၊ ထူးချွန်ကျော်ကြား မြန်မာ့အမျိုးသမီးများ
New Tiger စာပေ၊ ဩဂုတ်လ၊ ၂၀၁၂။

၃။ ဂျာနယ်ကျော်မမလေး၊ ယဉ်ကျေးမှုခရီးသည်
သီဟရတနာစာပေ၊ ဒီဇင်ဘာလ၊ ၂၀၁၄။

၄။ ဂျာနယ်ကျော် မမလေး၊ ဘဝပုံရိပ်များ (တတိယအကြိမ်)
စိတ်ကူးချိုချိုစာပေ၊ စက်တင်ဘာလ၊ ၂၀၁၅။

၅။ ဂျာနယ်ကျော်မမလေး၊ ဆေးပညာဆောင်းပါးပေါင်းချုပ်
စိတ်ကူးချိုချိုစာပေ၊ စက်တင်ဘာလ၊ ၂၀၁၅။

၆။ ဂျာနယ်ကျော်မမလေး၊ သူလိုလူ (ဇကာဒသမအကြိမ်)
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၆။



စာပေ၊ နိုင်ငံရေး၊ စီးပွားရေး နှင့် လူထုကျန်းမာရေး စွမ်းဆောင်ရှင်

# ဂျာနယ်ကျော်မမလေး

THE NIPPON FOUNDATION

Moving Forward TOGETHER

ISBN 978-99971-863-3-1
9 789997 186331 >

အသိပညာတိုးတက် ပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် အခမဲ့ထုတ်ဝေ ဖြန့်ချိပါသည်။
အခကြေးငွေဖြင့် ရောင်းချခြင်း မပြုပါ။